# ဂျော်ဂျီယာ နေအိမ်သုံး ဘာသာစကား စစ်တမ်း

**ကျောင်းသားအမည်** ________________________________ **ဆရာ** ____________________________

**မိဘများနှင့် အုပ်ထိန်းသူများသို့ အသိပေးချက် –**

ဂျော်ဂျီယာကျောင်းစနစ်များကို ကျောင်းနှင့် သင်ဆက်သွယ်ရန်နှင့် သင့်ကလေး၏ အခြေခံသုံး သို့မဟုတ် နေအိမ်သုံး ဘာသာစကားနှင့် ပတ်သက်ပြီး သင်ပို၍နှစ်သက်သော ဘာသာစကားအကြောင်း မေးခွန်းများအတွက် တုံ့ပြန်ချက်ကို[1] ကောက်ခံရန် လိုအပ်ပါသည်။ ပထမမေးခွန်းမှ အချက်အလက်ကို သင့်အနေဖြင့် စကားပြန်လိုအပ်ချက် သို့မဟုတ် ဘာသာပြန်ထားသော စာရွက်စာတမ်းများ လိုအပ်ချက် ရှိမရှိ သိရှိရန် အသုံးပြုပါမည်။ *နေအိမ်သုံး ဘာသာစကား စစ်တမ်း* မေးခွန်း သုံးခုမှ အချက်အလက်များနှင့် ထပ်ဆောင်း ဘာသာစကားဆိုင်ရာ အချက်အလက်များက သင့်ကလေး၏ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုကို စစ်ဆေးရန်လိုမလို ကူညီဆုံးဖြတ်ပေးနိုင်ပါသည်။ ထိုစိစစ်ရေး လုပ်ငန်းစဉ်အရ သင့်ကလေးသည် အင်္ဂလိပ်စာသင်ယူရန် အခြေအနေနှင့် ကျွန်ုပ်တို့၏ ဘာသာစကား လမ်းညွှန်ပညာပေး အစီအစဉ်အတွက် အရည်အချင်းပြည့်မီမှု ရှိမရှိ ခွဲခြားသတ်မှတ်ပေးပါလိမ့်မည်။

| မေးခွန်းများ၏ ရည်ရွယ်ချက် | မေးခွန်းနှင့် မိဘ/အုပ်ထိန်းသူများ၏ တုံ့ပြန်ချက်များ |
|---|---|
| **ပိုမိုနှစ်သက်သော ဆက်သွယ်ခြင်း**<br><br>ဤမေးခွန်းသည် သင်အလိုရှိပါက ကျောင်းမှ စကားပြန် သို့မဟုတ် ဘာသာပြန်ထားသော စာရွက်စာတမ်းများကို သင့်အတွက် အခမဲ့ ထောက်ပံ့ပေးရန် ကူညီနိုင်ပါသည်။<br><br>ဤမေးခွန်းသည် <u>အချက်အလက် ရည်ရွယ်ချက်အတွက်သာ</u> ဖြစ်ပါသည်။ ၄င်းကို သင့်ကလေး၏ အင်္ဂလိပ် ဘာသာစကား ကျွမ်းကျင်မှု စစ်ဆေးခြင်းအတွက် အသုံးပြုမည် <u>**မဟုတ်ပါ။**</u> | **မိဘဆက်သွယ်လိုသော ဘာသာစကား (လိုအပ်ပါသည်)**<br><br>• ကျောင်းနှင့် ဆက်သွယ်ပြောဆိုမှုများ လက်ခံရန် မည်သည့်ဘာသာစကားကို သင်ပိုနှစ်သက်ပါသနည်း။<br>________________________ |

| ဖြစ်နိုင်ခြေရှိသော အင်္ဂလိပ်စာ သင်ယူသူများ သတ်မှတ်ခြင်း | နေအိမ်သုံး ဘာသာစကား စစ်တမ်း (လိုအပ်ပါသည်) |
|---|---|
| ဤမေးခွန်း သုံးခုသည် ကျောင်းအနေဖြင့် သင့်ကလေးသည် သူတို့၏ ဘာသာစကား လမ်းညွှန်ပညာပေး အစီအစဉ်တွင် ပါဝင်ရန် အရည်အချင်းပြည့်မီမှု စစ်ဆေးရန် လိုမလို ဆုံးဖြတ်ရာတွင် ကူညီပေးနိုင်ပါသည်။<br><br>မည်သည့်မေးခွန်းအတွက်မဆို တုံ့ပြန်ချက်သည် အင်္ဂလိပ် မဟုတ်ဘဲ တခြားဘာသာစကား ဖြစ်နေပါလျှင် ကျောင်းများအနေဖြင့် သင့်ကလေး၏ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုကို စစ်ဆေးရန် လိုအပ်နိုင်ပါသည်။ သင်၏ တုံ့ပြန်ချက်သည် ဘာသာစကားတစ်ခုထက်ပိုပါက ထိုသို့သောဆုံးဖြတ်ချက်မချမီ ကျောင်းသည် သင့်ထံမှ ထပ်ဆောင်းအချက်အလက်များ လိုအပ်ပါလိမ့်မည်။ | 1. သင့်ကလေးသည် မည်သည့်ဘာသာစကားကို သင့်ကလေး <u>အကောင်းဆုံး</u> နားလည်ပြီး ပြောနိုင်ပါသနည်း။ ____________<br><br>2. သင့်ကလေးသည် မည်သည့်ဘာသာစကားကို နေအိမ်တွင် အပြော<u>အများဆုံး</u> ဖြစ်ပါသလဲ။__________<br><br>3. သင့်နေအိမ်ရှိ လူကြီးများက ကလေးနှင့် စကားပြောသည့် အခါ မည်သည့်ဘာသာစကားကို အပြော<u>အများဆုံး</u> ဖြစ်ပါသလဲ။<br>______________________ |

---

[1] U.S. တရားစီရင်ရေးဌာန၊ အရပ်သားအခွင့်အရေးဆိုင်ရာ ဌာနခွဲနှင့် U.S. ပညာရေးဌာန၊ အရပ်သားအခွင့်အရေးဆိုင်ရာရုံး၊ 2015 ခုနှစ်၊ ဇန္နဝါရီလ 7 ရက်၊ *လေးစားရပါသော လုပ်ဖော်ကိုင်ဖက်အတွက် စာ - အင်္ဂလိပ်ဘာသာစကား လေ့လာသူကျောင်းသားများနှင့် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု အကန့်အသတ်ရှိသော မိဘများ၊ စာမျက်နှာ 10.*

**ဘာသာစကားများစွာပြောဆိုသော မိသားစုများထံမှ ထပ်ဆောင်းအချက်အလက်များ**

အကယ်၍ သင်သည် သင့်ကလေးနှင့် နေအိမ်ရှိ လူကြီးများက ***အင်္ဂလိပ်စာနှင့် အခြားဘာသာစကား သို့မဟုတ် ဘာသာစကားများကို နားလည်ပြီး အသုံးပြုသည်ဟု*** ပြောပါက ကျောင်းများမှ သင့်ကလေး၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှုကို စိစစ်ရန် လိုမလို ဆုံးဖြတ်ရန် သင့်ကို ထပ်ဆောင်းအချက်အလက်များ တောင်းခံပါလိမ့်မည်။

အကယ်၍ သင်က သင့်ကလေးသည် အင်္ဂလိပ်စာကို အခြားသော နေအိမ်သုံး ဘာသာစကားထက် ပိုပြီးနားလည်အသုံးပြုသည် သို့မဟုတ် သင့်ကလေးသည် အင်္ဂလိပ်စာနှင့် အခြားသော နေအိမ်သုံးဘာသာစကားကို ညီတူညီမျှ နားလည်အသုံးပြုသည်ဟု တုံ့ပြန်ပါက ကျောင်းမှ သင့်ကလေးအား အင်္ဂလိပ်စာ ကျွမ်းကျင်မှုကို စိစစ်မည် မဟုတ်ပါ။

**ဘာသာစကားများစွာပြောဆိုသော မိသားစုများမှ ထပ်ဆောင်းအချက်အလက်များ။ *သင့်ကလေး၏ အခြေခံဘာသာစကားကို အကောင်းဆုံးဖော်ပြနိုင်မည့် <u>စာကြောင်းတစ်ကြောင်းကိုသာ</u> ရွေးချယ်ပါ။***

- ☐ ကျွန်ုပ်၏ ကလေးသည် နေအိမ်သုံးဘာသာစကားကိုသာ နားလည်အသုံးပြုပြီး **<u>အင်္ဂလိပ်စာကို မသိပါ။</u>**
- ☐ ကျွန်ုပ်၏ ကလေးသည် နေအိမ်သုံးဘာသာစကားကို အများဆုံး နားလည်အသုံးပြုပြီး **<u>အင်္ဂလိပ်စာကို အနည်းငယ်သိပါသည်။</u>**
- ☐ ကျွန်ုပ်၏ ကလေးသည် နေအိမ်သုံးဘာသာစကားနှင့် အင်္ဂလိပ်စာကို **<u>ညီတူညီမျှ</u>** နားလည်အသုံးပြုပါသည်။
- ☐ ကျွန်ုပ်၏ ကလေးသည် **<u>အင်္ဂလိပ်စာကို အများဆုံး</u>** နားလည်အသုံးပြုပြီး နေအိမ်သုံးဘာသာစကားကို အနည်းငယ်သာ နားလည်အသုံးပြုပါသည်။
- ☐ ကျွန်ုပ်၏ ကလေးသည် **<u>အင်္ဂလိပ်စာကိုသာ</u>** နားလည်အသုံးပြုပါသည်။

**မိဘလက်မှတ်** ____________________________________ **ရက်စွဲ** ________________________